ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

(Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၁၃၄၅) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** – U Zaw Moe Aung (Managing Director)

(ခ) **ဆက်သွယ်ရန် လိပ်စာ** – Kyarlay Apparel Co.,Ltd.
အမှတ် (၁၆၄၊ ၁၆၆၊ ၁၆၇)၊ ဆရာစံလမ်း၊ လှိုင်သာယာစက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၉၇၄၄၂၇၂

(ဂ) **စီမံကိန်းအမျိုးအစား** – CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဃ) **စီမံကိန်းကာလ** – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** – မြေရိယာ (၃.၃၉၃) ဧက

(စ) **စီမံကိန်းတည်နေရာ** – ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုဇုန် (၂)၊ ဆရာစံလမ်း၊ အမှတ် (၁၆၄၊ ၁၆၆၊ ၁၆၇)။

(ဆ) **ECC သက်တမ်း (၅)နှစ်** – စတင်ထုတ်ပေးရက် - ၁၂-၁၁-၂၀၂၃
သက်တမ်းကုန်ဆုံးရက် - ၁၁-၁၁-၂၀၂၈

(ဇ) **အတည်ပြုအစီရင်ခံစာ** – ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ရက/EIA/ ၅ (၁) (၂၁၆၇/ ၂၀၂၂) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)"**



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Kayarlay Apparel Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် (၂)၊ ဆရာစံလမ်း၊ အမှတ် (၁၆၄၊ ၁၆၆၊ ၁၆၇)၊ မြေရီယာ (၃.၃၉၃) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၁) (၂၁၆၇/ ၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Zaw Moe Aung ၊ Managing Director ၊ Kyarlay Apparel Co., Ltd ၊ အမှတ် (၁၆၄၊ ၁၆၆၊ ၁၆၇)၊ ဆရာစံလမ်း၊ လှိုင်သာယာစက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉ ၇၉၉၇၄၄၂၇၂ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် CMP စနစ်ကို အသုံးပြု၍ အဝတ်အထည်အမျိုးမျိုးကို ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်း တင်ပို့မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းပစ္စည်းရရှိမှုအဆင့်၊ ပိတ်ဖြတ်ခြင်းလုပ်ငန်းအဆင့်၊ အထည်ချုပ်လုပ်မှုအဆင့်၊ အထည်စစ်ဆေးမှုအဆင့်၊ ကုန်ချောဌာနလုပ်ငန်းအဆင့်နှင့် အထည်တင်ပို့မှုလုပ်ငန်းအဆင့်ဟူ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ဖြတ်စများလက်ခံရရှိခြင်း၊ အစုလိုက်ထုတ်လုပ်ခြင်း၊ လိုင်းတွင်းစစ်ဆေးခြင်း၊ စက်လိုင်းများတွင် ချုပ်လုပ်ခြင်း၊ မီးပူတိုက်ခြင်း၊ အကြမ်းဖျင်းစစ်ဆေးခြင်း၊ ကြယ်သီးအပေါက်များ ဖောက်ခြင်း၊ တပ်ခြင်းနှင့် အဆုံးလိုင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်ချောဌာနလုပ်ငန်းစဉ် အဆင့်ဆင့်အနေဖြင့် နောက်ဆုံးစစ်ဆေးသည့် နေရာသို့ပို့ဆောင်ခြင်း၊ ချည်မျှင်ကျန်များစစ်ဆေးခြင်းနှင့် ၁၀၀ ရာခိုင်နှုန်း အရည်အချင်း ပြည့်မီအောင်စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထည်တင်ပို့မှုလုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် မီးပူတိုက်ခြင်း၊ တံဆိပ်တပ်ခြင်း၊ ပလတ်စတစ်အိတ်ပိတ်ခြင်း၊ ကတ်ထူပုံးတွင် ထည့်ခြင်း၊ စစ်ဆေးခြင်းနှင့် ပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများကို တရုတ်နိုင်ငံမှ ရယူမည်ဖြစ်ပြီး ကိုရီးယားနှင့် ဥရောပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ပြည်တွင်းဝန်ထမ်း (၉၉၁) ဦးနှင့် ပြည်ပဝန်ထမ်း (၂) ဦး၊ စုစုပေါင်းဝန်ထမ်းအင်အား (၉၉၃) ဦး ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းအတွက် လိုအပ်သောရေကို အဝီစီတွင်း (၂) တွင်းမှ ရယူပြီး အထွေထွေသုံးစွဲရန်အတွက် တစ်ရက်လျှင် ရေဂါလန် (၆,၀၀၀) ခန့်

အသုံးပြုမည်ဖြစ်ကြောင်း၊ အလုပ်သမားများသောက်သုံးရန်အတွက် သောက်ရေသန့် တစ်လလျှင် လီတာ (၃,၀၀၀) ခန့် ရေသန့်စက်ရုံမှ မှာယူအသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဘိုင်လာ ၃၆ kW (2 pieces) နှင့် ၇၂ kW (3 pieces) တို့ကို အထည်အလိပ်အပိုင်းမှ အရေးအကြောင်းများကို ဖယ်ရှားပေးခြင်းဖြင့် အထည်ကျုံ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း၊ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မှ ၅၀၀ kVA ထရန်စဖော်မာ (၁) လုံးဖြင့် ရယူအသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တွင် အသုံးပြုရန် အတွက် ၅၀၀ kVA နှင့် ၁၈၀ kVA ဂျင်နရေတာ (၂) လုံး အသင့်ထားရှိ အသုံးပြုမည်ဖြစ်ကြောင်းနှင့် လောင်စာဆီသုံးစွဲမှုအနေဖြင့် တစ်လလျှင် ဂါလန် (၁၀၀) ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းများစာရင်းကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

NO.	ID NO	DATE	ITEM	Q'TY	UNIT	UNIT PRICE	TOTAL AMOUNT	IMPORT KG WEIGHT
1	2		3	4		5	6	7
1	100101663800	2-Apr-19	ACRYLIC KNIT FABRIC (CONTRAST)	69.00	M	1.25	18,041.14	624.00
			SEWING THREAD (HJ-3000-5000 MTR)	1,472.00	U	0.70		
			BUTTON	5,768.00	U	0.05		
			SNAP BUTTON	28,449.00	PR	0.10		
			ELASTIC BAND	6,035.00	M	0.11		
			CARE LABEL	29,252.00	U	0.03		
			CAUTION LABEL	29,252.00	U	0.03		
			SIZE LABEL	24,750.00	U	0.03		
			FLAT STRING	12,856.00	M	0.05		
			TAPE (VELCRO)	1,321.00	M	0.04		
			CORDEND	80,000.00	U	0.05		
			LOOP STRING	12,802.00	M	0.04		
			STOPPER	8,400.00	U	0.05		
			ZIPPER UPPER STOPPER	60,000.00	U	0.02		
			CORDEND	76,000.00	U	0.05		
2	100101675000	2-Apr-19	100%POLYESTER TRICOT FABRIC (LINING)	890.00	M	1.25	1,112.50	280.00
3	100101677910	2-Apr-19	ZIPPER	40,028.00	U	0.13	5,235.14	419.00
			ZIPPER PULLER	1,050.00	U	0.03		
4	100101509540	1-Apr-19	POLY TWILL WOVEN FABRIC (LINING)	1,240.00	M	1.25	49,441.88	4,742.70
			SEWING THREAD (HJ-3000-5000 MTR)	2,598.00	U	0.70		
			SNAP BUTTON	16,274.00	PR	0.10		
			PIPING CORD	24,085.00	M	0.04		
			WAPPEN	3,605.00	U	0.03		
			ZIPPER	56,910.00	U	0.13		
			HANGTAG	54,401.00	U	0.03		
			100%POLYESTER DEWSPO FABRIC (CONTRAST)	2,537.00	M	1.25		
			100%NYLON TAFFETA (LINING)	1,008.00	M	1.25		

NO.	ID NO	DATE	ITEM	Q'TY	UNIT	UNIT PRICE	TOTAL AMOUNT	IMPORT KG WEIGHT
1	2		3	4		5	6	7
			100%POLYESTER TAFFETA (LINING)	1,086.00	M	1.25		
			ZIPPER	53,096.00	U	0.13		
			HANGTAG	45,999.00	U	0.03		
			DOWN TAG	15,800.00	U	0.03		
			87%NYLON 13%POLYURETHANE FABRIC	3,206.00	M	1.63		
			100%NYLON FABRIC	6,671.00	M	1.63		
			ACRYLIC KNIT FABRIC (CONTRAST)	500.00	M	1.25		
			ZIPPER	2,758.00	U	0.13		
			DOWN TAG	50,000.00	U	0.03		
			DOWN TAG	36,400.00	U	0.03		
5	100101724440	2-Apr-19	SNAP BUTTON	13,718.00	PR	0.10	14,997.44	869.50
			MAIN LABEL	15,300.00	U	0.03		
			CARE LABEL	15,300.00	U	0.03		
			CAUTION LABEL	15,300.00	U	0.03		
			SIZE LABEL	15,300.00	U	0.03		
			HANGTAG	40,381.00	U	0.03		
			TAG PIN	88,746.00	U	0.03		
			STICKER	21,650.00	U	0.03		
			HANGTAG	74,001.00	U	0.03		
			HANGTAG	100,000.00	U	0.03		
			HANGTAG	68,210.00	U	0.03		
6	100102354330	8-Apr-19	ACRYLIC KNIT FABRIC (CONTRAST)	620.00	M	1.25	27,202.11	1,365.00
			EYELET	4,120.00	PR	0.10		
			SNAP BUTTON	33,166.00	PR	0.10		
			ELASTIC BAND	3,658.00	M	0.11		
			MAIN LABEL	17,819.00	U	0.03		
			FLAT STRING	4,801.00	M	0.05		
			TAPE (VELCRO)	5,674.00	M	0.04		
			SEWING THREAD (#1)-3000-5000 MTR)	2,531.00	U	0.70		
			STOPPER	11,330.00	U	0.05		
			ZIPPER	22,714.00	U	0.13		
			ZIPPER PULLER	7,726.00	U	0.03		
			87%NYLON 13%POLYURETHANE FABRIC	5,733.00	M	1.63		
			HANGTAG	16,700.00	U	0.03		
			HANGTAG	200,000.00	U	0.03		
7	100102600400	9-Apr-19	100%POLYESTER FABRIC	7,058.00	M	1.63	95,555.42	6,304.50
			ACRYLIC KNIT FABRIC (CONTRAST)	382.00	M	1.25		
			100%POLYESTER DEWSPO FABRIC (CONTRAST)	1,872.00	M	1.25		

NO.	ID NO	DATE	ITEM	QTY	UNIT	UNIT PRICE	TOTAL AMOUNT	IMPORT KG WEIGHT
1	2		3	4		5	6	7
			100%POLYESTER TAFFETA (LINING)	27,645.00	M	1.25		
			SNAP BUTTON	53,540.00	PR	0.10		
			100%NYLON TAFFETA (LINING)	4,209.00	M	1.25		
			100%POLYESTER TAFFETA (LINING)	19,418.00	M	1.25		
			SEWING THREAD (11)-3000-5000 MTR)	2,773.00	U	0.70		
			87%NYLON 13%POLYURETHANE FABRIC	2,901.00	M	1.63		
			100%POLYESTER LYLEX FABRIC (CONTRAST)	753.00	M	1.25		
			ZIPPER	18,130.00	U	0.13		
			HANGTAG	60,800.00	U	0.03		
8	100103346560	22-Apr-19	ZIPPER	8,724.00	U	0.13	4,518.76	247.00
			SNAP BUTTON	29,000.00	PR	0.10		
			ZIPPER	3,728.00	U	0.13		
9	100103357540	22-Apr-19	100%POLYESTER FABRIC	5,984.00	M	1.63	10,645.17	644.00
			POLY TWILL WOVEN FABRIC (LINING)	562.00	M	1.25		
			100%POLYESTER TAFFETA PRINTED FABRIC (LINING)	151.00	M	1.25		
10	100103373420	22-Apr-19	ZIPPER	13,064.00	U	0.13	25,512.24	2,181.00
			ZIPPER	14,577.00	U	0.13		
			ZIPPER	100,000.00	U	0.13		
			ZIPPER	68,607.00	U	0.13		
11	100103383660	22-Apr-19	ACRYLIC KNIT FABRIC (CONTRAST)	104.00	M	1.25	53,881.44	1,645.00
			NON WOVEN INTERLINING	10,000.00	M	1.00		
			BUTTON	15,450.00	U	0.05		
			EYELET	100,000.00	PR	0.10		
			SNAP BUTTON	160,000.00	PR	0.10		
			ELASTIC BAND	26,000.00	M	0.11		
			CARE LABEL	51,535.00	U	0.03		
			CAUTION LABEL	36,600.00	U	0.03		
			FLAT STRING + TIP	1,630.00	U	0.05		
			STRING	33,372.00	M	0.04		
			TAPE (VELCRO)	823.00	M	0.04		
			STOPPER	50,824.00	U	0.05		
			SEWING THREAD (11)-3000-5000 MTR)	1,311.00	U	0.70		
			SNAP BUTTON	36,459.00	PR	0.10		
			ELASTIC BAND	24,319.00	M	0.11		
			ZIPPER	1,800.00	U	0.13		

NO	ID NO	DATE	ITEM	Q'TY	UNIT	UNIT PRICE	TOTAL AMOUNT	IMPORT KG WEIGHT
1	2		3	4		5	6	7
12	100103366050	22-Apr-19	100%POLYESTER FABRIC	1,539.00	M	1.63	2,508.57	200.00
13	100103368630	22-Apr-19	100%NYLON FABRIC	2,927.00	M	1.63	7,128.51	469.00
			100%NYLON PD WR FABRIC (CONTRAST)	1,886.00	M	1.25		
14	100103351830	22-Apr-19	POLY TWILL WOVEN FABRIC (LINING)	2,882.00	M	1.25	9,222.50	613.00
			100%NYLON TAFFETA (LINING)	4,406.00	M	1.25		
15	100103715020	24-Apr-19	POLAR FLEECE FABRIC (CONTRAST)	1,304.00	M	1.25	2,210.00	475.00
			ACRYLIC KNIT FABRIC (CONTRAST)	464.00	M	1.25		
16	100103552030	23-Apr-19	100%NYLON FABRIC	2,549.00	M	1.63	51,340.53	5,474.00
			100%POLYESTER FABRIC	2,810.00	M	1.63		
			100%NYLON PD WR FABRIC (CONTRAST)	1,009.00	M	1.25		
			100%POLYESTER SPAN FABRIC (CONTRAST)	226.00	M	1.25		
			100%POLYESTER TAFFETA (LINING)	2,865.00	M	1.25		
			100%POLYESTER TRICOT FABRIC (LINING)	6,349.00	M	1.25		
			100%POLYESTER 290T FABRIC (LINING)	17,364.00	M	0.43		
			EYELET	5,356.00	PR	0.10		
			SNAP BUTTON	87,253.00	PR	0.10		
			ELASTIC BAND	18,378.00	M	0.11		
			PIPING CORD	2,421.00	M	0.04		
			TAPE (VELCRO)	1,485.00	M	0.04		
			STOPPER	2,678.00	U	0.05		
			ACRYLIC KNIT FABRIC (CONTRAST)	525.00	M	1.25		
			100%NYLON PD WR FABRIC (CONTRAST)	2,346.00	M	1.25		
			POLY TWILL LOGO EMBOSS FABRIC (LINING)	3,546.00	M	1.25		
			SEWING THREAD (1U=3000-5000 MTR)	2,374.00	U	0.70		
			BUTTON	8,343.00	U	0.05		
			FLAT STRING	5,157.00	M	0.05		
			STRING	3,673.00	M	0.04		
17	100103802710	25-Apr-19	WELLON	6,400.00	KG	2.00	12,800.00	6,530.00
18	100103904610	25-Apr-19	100%NYLON FABRIC	4,995.00	M	1.63	118,255.00	12,424.50
			100%POLYESTER FABRIC (PRINTED)	7,611.00	M	1.63		

NO.	ID NO	DATE	ITEM	Q'TY	UNIT	UNIT PRICE	TOTAL AMOUNT	IMPORT KG WEIGHT
1	2		3	4		5	6	7
			100%NYLON TAFFETA (LINING)	2,877.00	M	1.25		
			100%POLYESTER TAFFETA (LINING)	23,547.00	M	1.25		
			100%POLYESTER 290T FABRIC (LINING)	40,000.00	M	0.33		
			100%POLYESTER FABRIC	17,345.00	M	1.63		
			100%NYLON PD WR FABRIC (CONTRAST)	1,296.00	M	1.25		
			100%POLYESTER PRINTED FABRIC (CONTRAST)	2,652.00	M	1.25		
			POLY TWILL LOGO EMBOSS FABRIC (LINING)	2,762.00	M	1.25		
			POLY TWILL WOVEN FABRIC (LINING)	2,692.00	M	1.25		
			100%POLYESTER 290T FABRIC (LINING)	33,719.00	M	0.33		
19	100104297160	29-Apr-19	100%POLYESTER FABRIC	489.00	M	1.63	6,907.07	597.00
			100%POLYESTER DEWSPO FABRIC (CONTRAST)	1,260.00	M	1.25		
			POLY TWILL WOVEN FABRIC (LINING)	3,628.00	M	1.25		
20	100104302210	29-Apr-19	ZIPPER	3,934.00	U	0.13	511.42	52.00
21	100104304160	29-Apr-19	100%NYLON FABRIC	8,999.00	M	1.63	16,879.62	1,213.00
			100%NYLON PD WR FABRIC (CONTRAST)	1,769.00	M	1.25		
22	100104315620	29-Apr-19	ACRYLIC KNIT FABRIC (CONTRAST)	772.00	M	1.25	5,651.25	971.00
			ACRYLIC KNIT FABRIC (CONTRAST)	1,244.00	M	1.25		
			100%POLYESTER TRICOT FABRIC (LINING)	2,505.00	M	1.25		
23	100104321000	29-Apr-19	ZIPPER	384.00	U	0.13	1,253.72	148.00
			ZIPPER	9,260.00	U	0.13		
24	100104311310	29-Apr-19	100%NYLON TAFFETA (LINING)	6,558.00	M	1.25	11,160.00	674.00
			POLY TWILL WOVEN FABRIC (LINING)	2,370.00	M	1.25		
			TOTAL				552,052.33	50,962.20

၅။ စီမံကိန်းတည်နေရာ။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် (၂)၊ ဆရာစံလမ်း၊ အမှတ် (၁၆၄၊ ၁၆၆၊ ၁၆၇)၊ မြေရိယာ (၃.၃၉၃) ကေပေါ်တွင် တည်ရှိပါသည်။

Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart



Kyarlay Apparel Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart



နောက်ဆက်တွဲ(ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် Kyarlay Apparel Co.,Ltd. မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၁-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၁) (၂၁၆၇/ ၂၀၂၂) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို အလေးထား လိုက် Zနာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် CMP စနစ်ကို အသုံးပြု၍ အဝတ်အထည်အမျိုးမျိုးကို ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်း တင်ပို့မည်ဖြစ် ကြောင်း၊ စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းပစ္စည်း ရရှိမှုအဆင့်၊ ပိတ်ဖြတ်ခြင်းလုပ်ငန်းအဆင့်၊ အထည်ချုပ်လုပ်မှုအဆင့်၊ အထည်စစ်ဆေးမှု အဆင့်၊ ကုန်ချောဌာနလုပ်ငန်းအဆင့်နှင့် အထည်တင်ပို့မှုလုပ်ငန်းအဆင့်ဟူ၍ ဆောင် ရွက်မည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဖြတ်စများ လက်ခံရရှိခြင်း၊ အစုလိုက်ထုတ်လုပ်ခြင်း၊ လိုင်းတွင်းစစ်ဆေးခြင်း၊ စက်လိုင်းများတွင် ချုပ်လုပ်ခြင်း၊ မီးပူတိုက်ခြင်း၊ အကြမ်းဖျင်းစစ်ဆေးခြင်း၊ ကြယ်သီးအပေါက်များ ဖောက်ခြင်း၊ တပ်ခြင်းနှင့် အဆုံးလိုင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်ချောဌာနလုပ်ငန်းစဉ် အဆင့်ဆင့်အနေဖြင့် နောက်ဆုံးစစ်ဆေးသည့် နေရာသို့ ပို့ဆောင်ခြင်း၊ ချည်မျှင်ကျန်များစစ်ဆေးခြင်းနှင့် ၁၀၀ ရာခိုင်နှုန်း အရည်အချင်း ပြည့်မီအောင်စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထည်တင်ပို့မှုလုပ်ငန်းစဉ် အဆင့်ဆင့်အနေဖြင့် မီးပူတိုက်ခြင်း၊ တံဆိပ်တပ်ခြင်း၊ ပလတ်စတစ်အိတ်ပိတ်ခြင်း၊ ကတ်ထူပုံးတွင် ထည့်ခြင်း၊ စစ်ဆေးခြင်းနှင့် ပို့ဆောင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့ချရန် အတွက် ဘွိုင်လာအား ပုံမှန်စစ်ဆေးပြုပြင်ထိန်းသိမ်းရန်၊

(၂) စီမံကိန်းဧရိယာအတွင်း ဖုန်မှုန့်ထွက်ရှိမှု လျော့နည်းစေရန်အတွက် ပုံမှန် ရေဖျန်းရန်၊

(၃) မီးစက်များကို ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန်၊

(၄) စက်ရုံအတွင်း လေထုညစ်ညမ်းမှုလျော့နည်းစေရန်အတွက် လေဝင်လေထွက် ကောင်းမွန်သည့်စနစ်များ လုံလောက်စွာ တပ်ဆင်ထားရှိရန်၊

(၅) လေထုညစ်ညမ်းမှုလျော့နည်းစေရန်အတွက် မီးစက်နှင့် ဘွိုင်လာတို့တွင် Filter များ တပ်ဆင်ထားရှိရန်၊

(၆) လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းအား တင်းကြပ်စွာ တားမြစ်ရန်၊

(၇) ကာဗွန်ထွက်ရှိမှု လျော့နည်းစေရန်အတွက် စီမံကိန်းဧရိယာအနီးဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးထားရန်၊

(၈) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရေထဲတွင်ကျန်ရှိနေသော အညစ်အကြေး များ၊ အကြွင်းအကျန်များအတွက် အနည်ကျကန်များ တည်ဆောက်ထားရှိရန်၊

(၂) စက်ရုံအတွင်းရှိ ရေဆိုးများကို ပုံမှန်သန့်ရှင်းခြင်း၊ စစ်ဆေးခြင်းနှင့် လုံလောက် သော ရေနုတ်မြောင်းများ တူးဖော်ထားရှိရန်၊

(၃) စက်ရုံအတွင်းမှ စွန့်ပစ်ရေများအား အဆင့်ဆင့်သန့်စင်ပြီးမှသာ ရေနုတ်မြောင်း အတွင်းသို့ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စက်ရုံအတွင်းရှိ မိလ္လာကန်များအား ပုံမှန် စစ်ဆေးခြင်းနှင့် သန့်စင်ခြင်းများပြုလုပ်ရန်၊

(၅) စွန့်ပစ်ရေနှင့် မိလ္လာရေဆိုးများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၆) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အခြားအသုံးပြု၍ရသော နေရာ များတွင် ပြန်လည်အသုံးပြုရန်၊

(၇) ရေပိုက်ခေါင်းများအား ရေအဆက်မပြတ်ဖွင့်၍ ရေသုံးစွဲခြင်းအား ရှောင်ကြဉ်ရန်၊

(၈) ရေပိုက်များ ရေယိုစိမ့်မှု မဖြစ်ပေါ်စေရေးအတွက် ပုံမှန်စောင့်ကြည့်စစ်ဆေးရန်နှင့် ရေယိုစိမ့်မှုဖြစ်ပွားပါက အင်ဂျင်နီယာဌာနသို့ အမြန်ဆုံးသတင်းပို့ရန်၊

(၉) စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **မြေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်စေသည့် လောင်စာဆီနှင့် ဆီယိုစိမ့်မှုမရှိစေရန်အတွက် စနစ်တကျစီမံဆောင်ရွက်ရန်၊

(၂) ဆီဖိတ်စင်မှုများ၊ ဆီယိုစိမ့်မှုများ ဖြစ်ပေါ်လာပါက ချက်ချင်းဆောင်ရွက်ရမည့် အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၃) စီမံကိန်း၏ ယာဉ်/ ယန္တရားများနှင့် မီးစက်များတွင် အသုံးပြုသည့် စက်ဆီ/ ချောဆီများ၊ လောင်စာဆီများ မတော်တဆ ယိုဖိတ်မှုမရှိစေရေးအတွက် ဂရုတစိုက် ကိုင်တွယ်အသုံးပြုရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိနိုင်သည့် မီးစက်အခန်းအား အသံလုံအခန်းတည်ဆောက်၍ ထားရှိရန်၊

(၂) ဆူညံသံထွက်ရှိမှုလျော့နည်းစေရန်အတွက် စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) ဆူညံသောဇရိယာအတွင်း အလုပ်လုပ်နေစဉ် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်စေရန်၊

(၄) ဆူညံသံထွက်ရှိမှုလျော့နည်းစေရန်အတွက် အရည်အသွေးကောင်းမွန်သော စက်ပစ္စည်းများကိုသာ အသုံးပြုရန်၊

(၅) ဆူညံသံထွက်ရှိမှုလျော့နည်းစေရန်အတွက် အသံကိုစုပ်ယူနိုင်သည့် အသံလုံစနစ်များ တပ်ဆင်ထားရှိရန်၊

(၆) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အမှိုက်များအား 3 Rs (Reduce, Reuse, Recycle) နည်းလမ်း အသုံးပြု၍ စွန့်ပစ်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျခွဲခြားစွန့်ပစ်၍ ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်၊

(၃) အလေအလွင့်ဖြစ်ပွားမှုကို လျှော့ချရန်အတွက် အထည်ကုန်ကြမ်းပစ္စည်းများအား သိမ်းဆည်းခြင်း၊ ဖြတ်တောက်ခြင်း၊ အပ်ချုပ်ခြင်းနှင့် မီးပူတိုက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန်၊

(၄) အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် စက်ရုံဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန်၊

(၅) စွန့်ပစ်အမှိုက်များအား အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ရန်၊

(၆) စက်ရုံအတွင်းတွင် အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းဟူ၍ အမျိုးအစားခွဲခြားပြီး စနစ်တကျစွန့်ပစ်ရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကြောင့် မြေဆီလွှာနှင့် မြေအောက်ရေထဲသို့ စိမ့်ဝင်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကွန်တိန်နာဖြင့် သတ်မှတ်ထားသော နေရာတွင် သိမ်းဆည်းထားရှိရန်၊

(၃) ဘေးအန္တရာယ်ရှိသော ပစ္စည်းများ သိုလှောင်ထားရှိသည့်ဧရိယာတွင် အမှတ်အသားပြုလုပ်ထားသည့် ဆိုင်းဘုတ်အား တပ်ဆင်ထားရှိရန်နှင့် တာဝန်ချထားသည့် ဝန်ထမ်းများကိုသာ ဝင်ရောက်ခွင့်ပြုရန်၊

(၄) ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများကို အမျိုးအစားသတ်မှတ်၍ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်နှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) စက်ရုံအတွင်း ဘေးအန္တရာယ်ရှိပစ္စည်းများ သိမ်းဆည်းထားရှိမှုအား ပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားသော နေရာတွင် စနစ်တကျစွန့်ပစ်ရန်၊

(၇) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်ရန်။

(စျ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်အတွင်း ရှေးဦးသူနာပြုကိရိယာများနှင့် ဆေးသေတ္တာများကို လုံလောက်စွာ ထောက်ပံ့ပေးရန်၊

(၂) လုပ်ငန်းခွင်အတွင်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်နှင့် အရေးပေါ်ထွက်ပေါက်များကို ရှင်းလင်းထားရှိရန်၊

(၃) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၄) လုပ်ငန်းခွင်အတွင်း အလုပ်သမားများအား ဘေးကင်းလုံခြုံစွာ လုပ်ငန်းဆောင်ရွက်နိုင်စေရန်နှင့် အလုပ်သမားများ၏ အမြင်အာရုံပြဿနာများအား လျှော့ချရန်အတွက် လုံလောက်သော အလင်းရောင်ရရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန်၊

(၅) ဝန်ထမ်းများအား ရှေးဦးသူနာပြုနည်းသင်တန်း၊ မီးငြိမ်းသတ်ရေးသင်တန်းနှင့် စက်ပစ္စည်းများကိုင်တွယ်ရန်အတွက် လိုအပ်သောသင်တန်းများ သင်ကြားပို့ချပေးရန်၊

(၆) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ချမှတ်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း သစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်းဖြင့် လုပ်ငန်းခွင်စိမ်းလန်းစိုပြေစေရေးအတွက် အလေးထားဆောင်ရွက်ရန်၊

(၂) ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများအား လျော့ချရန် ပတ်ဝန်းကျင်ရှိ ဇီဝအစိတ်အပိုင်းများကို ထိန်းသိမ်းစောင့်ရှောက်မည့် စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲထားရန်၊

(၃) မလိုအပ်ဘဲ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းမှု ပြုလုပ်ခြင်းအား ရှောင်ကြဉ်ရန်၊

(၄) စီမံကိန်းဧရိယာအတွင်း သစ်ပင်များ စိုက်ပျိုးထားရှိရန်။

(၄) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးရန်နှင့် ဇာတ်တိုက်လေ့ကျင့်ပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၂) မီးလောင်ကျွမ်းမှုဖြစ်ပွားပါက အသုံးပြုနိုင်ရန်အတွက် မီးငြှိမ်းသတ်ရေးကိရိယာများကို လုံလောက်စွာ ထားရှိရန်၊

(၃) မီးလောင်ကျွမ်းမှုဖြစ်ပွားပါက မီးငြှိမ်းသတ်နိုင်ရန်အတွက် ဂါလန် (၁၀,၀၀၀) ဆံ့ရေကန်တည်ဆောက်၍ သိုလှောင်ထားရှိရန်၊

(၄) စက်ရုံရှိနံရံများတွင် မီးသတ်ဆေးဘူးများနှင့် မီးသတ်ရေပိုက်များနှင့် မီးသတ်ရေပိုက်ခေါင်းများတပ်ဆင်ထားရှိရန်၊

(၅) မီးလောင်ကျွမ်းလွယ်သော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထားရှိရန်၊

(၆) အရေးပေါ်ထွက်ပေါက်နှင့် အရေးပေါ်စုရပ်အား ညွှန်ပြပေးထားရန်၊

(၇) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးရန်အတွက် မီးသတိပေးအရေးပေါ်ခေါင်းလောင်းများ တပ်ဆင်ထားရှိရန်၊

(၈) စက်ရုံအတွင်း မီးငြှိမ်းသတ်ရေးပစ္စည်းများကို ပုံမှန်စစ်ဆေးရန်၊

(၉) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန်။

(၅) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း SO_2, NO_x, NO_2, O_3, CO_2, CO, PM $_{2.5}$, PM_{10} စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း pH, DO, BOD, COD, TDS, Temp, Oil and Grease, Chlorine, Arsenic စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) ဆူညံသံနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၅) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၆) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၇) အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်နှင့်ပတ်သက်၍ စက်ရုံဧရိယာအတွင်း တစ်နှစ်လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်။

(၃) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် သင့်လျော်သော အစီအစဉ်များ စီမံဆောင်ရွက်ထားရှိရန်နှင့်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၂) အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ထိခိုက်ဒဏ်ရာရရှိသူများကို ကုသနိုင်ရန်အတွက် ရှေးဦးသူနာပြုစုနည်းသင်တန်းများ သင်ကြားပို့ချပေးရန်၊

(၃) အရေးပေါ်အခြေအနေများပေါ်ပေါက်လာပါက အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို အများမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၄) လေဘေး၊ ရေဘေး၊ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်တစ်ခုချင်းစီအတွက် မဖြစ်ပွားမီ လိုက်နာဆောင်ရွက်ရန်၊ ဖြစ်ပွားနေစဉ် လိုက်နာဆောင်ရွက်ရန်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရန် အချက်များ ပါဝင်သည့် စီမံချက်များကို ပြည့်စုံစွာရေးဆွဲထားရှိရန်နှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ရန်၊

(၅) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရေးပေါ်ကယ်ဆယ်ရေးလမ်းကြောင်းများနှင့် စုဝေးရာနေရာများ ပါဝင်သည့် အစီအစဉ်များနှင့် တာဝန်ခွဲဝေမှုများ

ပါဝင်သည့် စီမံချက်များ ရေးဆွဲထားရှိပြီး ဝန်ထမ်းများနှင့် အလုပ်သမားများအား သင်တန်းပို့ချပေးခြင်း၊ အသိပညာပေးခြင်းတို့ ဆောင်ရွက်ရန်။

(ဃ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(င) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(စ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂,၃၀၀) ခန့် လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂,၃၀၀) ခန့် လျာထားသုံးစွဲရန်၊

(၃) လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၁,၄၀၀) ခန့် လျာထားသုံးစွဲရန်၊

(၄) ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ ၂ % အား လျာထားသုံးစွဲရန်။

ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များ၊ အထက်အပိုဒ် (၆) တွင် ဖော်ပြထားသည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်

အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းသို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းရေယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေ အရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား

ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **မြေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** မြေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မြေဆီလွှာပျက်စီးမှုကိုကာကွယ်ရန် အန္တရာယ်ရှိသောပစ္စည်းများ စွန့်ပစ်မှုကို စနစ်တကျ ဆောင်ရွက်ရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှုမရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဆ) **လေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်း (သို့မဟုတ်) စက်ပစ္စည်း (သို့မဟုတ်) စက်ယန္တရား တစ်ခုခု ပြောင်းလဲသုံးစွဲသည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် မတူကွဲပြားသော နည်းပညာများ၊ အသုံးပြုမည့် ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်နှင့်ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့် နည်းလမ်းများ (ဥပမာ - သစ်ပင်စိုက်ခြင်းလုပ်ငန်းများ) အား စီမံကိန်းမှ ဆောင်ရွက်မည့် လူမှုအကျိုးပြု အစီအစဉ်များ၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဇ) **ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေများအား Wastewater Treatment Plant တည်ဆောက်၍ ကောင်းမွန်စွာ သန့်စင်နိုင်ခြင်း ရှိ/မရှိ ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(ဈ) **ဘွိုင်လာအသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရည်အသွေးကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားသော လျှပ်စစ်ဘွိုင်လာများကိုသာ ရွေးချယ်အသုံးပြုရန်၊

(၂) ဘွိုင်လာအသုံးပြုရာတွင် လျှပ်စစ်စွမ်းအင် ချွေတာနိုင်ရန်အတွက် PCL (Programmable Logic Controller) သို့မဟုတ် အလိုအလျောက်ထိန်းချုပ်မှုစနစ်အား တပ်ဆင်အသုံးပြုရန်၊

(၃) ဘွိုင်လာအသုံးပြုခြင်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို အအေးခံ၍ စက်ရုံအတွင်း ပြန်လည်အသုံးပြု၍ရသော နေရာများတွင် ပြန်လည်အသုံးပြုရန်၊

(၄) ထုတ်လွှတ်အခိုးအငွေ့များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ည) **သဘာဝဘေးအန္တရာယ်ဆိုင်ရာစည်းကမ်းချက်များ။** သဘာဝဘေးအန္တရာယ်ဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေး Emergency Respond Plans များ ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဝန်ထမ်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ဇာတ်တိုက်လေ့ကျင့်ပေးခြင်းနှင့်ဘေးအန္တရာယ်ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့်အစီအမံများ ရေးဆွဲထားရှိ၍ လိုက်နာ ဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံကိန်းဧရိယာနှင့် အနီးဝန်းကျင်တွင် မီးတားလမ်းများ ဖောက်လုပ်ထားရှိခြင်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်များ လုံလောက်စွာ ထားရှိခြင်း၊ မီးသတ်ကန်များတည်ဆောက်ထားရှိ၍ မြို့နယ် မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အလေးထားလိုက်နာ ဆောင်ရွက် ရန်။

(ဋ္ဌ) **အထွေထွေစည်းကမ်းချက်များ။** အထွေထွေစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ တင်သွင်းသည့်အခါ မြန်မာနိုင်ငံ၏ သက်ဆိုင်ရာဌာန များမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ပြည်တွင်းမှ ကုန်ကြမ်းများအား တိုးမြှင့်သုံးစွဲနိုင်ရေး အလေးထားလိုက်နာ ဆောင်ရွက်ရန်။

(ဍ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြုံတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(cc) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၃) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း

ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဃ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဇ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(တ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊

လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဇိုင်းတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဇိုင်းတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပံ့မှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဇိုင်းတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်

လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဓ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။
